အခြေခံစစ်သင်တန်းတက်ထားသူများကို စစ်မဟာဗျူဟာလက်အောက်မှာထားမည်

လွတ်လပ်သော မွန်သတင်းအေဂျင်စီ
ဩဂုတ်လ ၂၀ ရက်၊ ၂၀၀၃ ခုနှစ်။

ယနေ့ မြန်မာ့စစ်အစိုးရမှ သူတို့၏ဝန်ထမ်းများ၊ ပြည်သူ့စစ်များနှင့် အရပ်သားများကို အတင်းတက်ခိုင်းပြီး သင်ကြားပေးနေသော စစ်သင်တန်းမှ သင်တန်းဆင်းလာသော သင်တန်းသားများကို သူတို့၏ စစ်မဟာဗျူဟာလက်အောက်တွင် ထားရှိပါသည်။

၎င်းသင်တန်းသားများကိုလည်း စစ်နည်းဗျူဟာကျကျ အသုံးချနိုင်ရန်အတွက် လူခွဲပြီး (၈) ဖွဲ့ ပြန်လည်ဖွဲ့စည်းမည် ဖြစ်ပါသည်။

သင်တန်းဆင်းလာသော သင်တန်းသားများကို လိုအပ်သလို အသုံးချနိုင်ရန်အတွက် သင်တန်းသားများကို မြို့နယ်အသီးသီးတွင်ရှိသော စစ်မဟာဗျူဟာလက်အောက်တွင် ထားရှိကြောင်း သိရပါသည်။

သင်တန်းသားများကို ဒေသခံ အခြေစိုက်တပ်ရင်းတို့က တပတ်လျှင် သင်တန်းသား အယောက်သုံးဆယ်ကို မိမိတို့တပ်ရင်းတွင် အလှည့်ကျ တာဝန်ယူခိုင်းပြီး၊ စစ်ကြောင်းထိုးရာ၌လည်းကောင်း၊ ဒေသလုံခြုံရေးနှင့် စစ်တပ်အတွင်း လုပ်ငန်းများ လုပ်ရန်အတွက် အသုံးပြုမည်ဖြစ်ပါသည်။

ထို့အပြင် သင်တန်းများကိုလည်း စစ်မဟာဗျူဟာနည်းကျကျ အသုံးပြုနိုင်ရန်အတွက်၊ ပြည်သူ့စစ်အဖွဲ့၊ သတင်းစုဆောင်းရေးအဖွဲ့၊ သတင်းဖြန့်ဖြူးရေးအဖွဲ့၊ ထောက်ပို့ရေးအဖွဲ့၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးအဖွဲ့၊ သယ်ယူပို့ဆောင်ရေးအဖွဲ့၊ တည်ဆောက်ရေးအဖွဲ့နှင့် ဖျော်ဖြေရေးအဖွဲ့ စသည့်အဖွဲ့အစည်းများ ဖွဲ့စည်းမည်ဖြစ်သည်။

ပြည်သူ့စစ်အဖွဲ့အတွက် ကျေးရွာပြည်သူ့စစ်နှင့် ကြံ့ဖွံ့အသင်းဝင်တို့ကိုလည်းကောင်း၊ သတင်းစုဆောင်းရေးနှင့် ဖြန့်ဖြူးရေးအတွက် ကြံ့ဖွံ့နှင့် ရယကအဖွဲ့ဝင်တို့ကိုလည်းကောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးအတွက် ရယကအဖွဲ့ဝင်တို့ကိုလည်းကောင်း အသုံးပြုသွားမည် ဖြစ်ပါသည်။

၎င်းအဖွဲ့များအတွက် လိုအပ်သော လူအင်အားများကို စစ်အစိုးရတို့က မိမိတို့ခန့်မှန်းထားသော လူဦးရေ မလုံလောက်သဖြင့် ပြည်သူ့ရဲတပ်ဖွဲ့မှ ရဲသားတို့၏ဇနီးများကိုလည်း ၎င်းသင်တန်းတက်ရန် အမိန့်ချထားခဲ့သည်။

၎င်းသင်တန်းတွင် လက်နက်အမျိုးအစားပေါင်း (၂၄) မျိုးတို့၏ ဖြုတ်တပ်ပစ်ခတ်နည်းကို စစ်အစိုးရတို့က သင်ကြားပေးခဲ့ပြီး၊ ထပ်မံ ဖွဲ့စည်းထားသော အဖွဲ့အစည်းများအတွက် လိုအပ်သော သင်တန်းများကိုလည်း စစ်အစိုးရတို့က ထပ်မံပေးသွားမည် ဖြစ်သည်ဟု သိရပါသည်။